## နေရပ်ပြန်ပို့ခံခဲ့ရတဲ့ မဂ္ဂင်ကျောင်းဆရာတော်ကို အာဏာပိုင်တွေ ဆက်လက်ဖိအားပေး

## ၅ ဒီဇင်ဘာ ၂၀၀၇

မကြာသေးခင်က သီတင်းသုံးနေတဲ့ ဘုန်းကြီးကျောင်းကနေ အာဏာပိုင်တွေက အမိန့်ပေးဖယ်ရှားတာ ခံခဲ့ရတဲ့ မဂ္ဂင်ကျောင်းဆရာတော်ကို နေရပ်ရင်းပြန်ပို့ခဲ့ပြီးတဲ့နောက် အာဏာပိုင်တွေဖက်က ဆရာတော်ကို ကန့်သတ်မှုတွေ ဆက်လုပ်နေတယ်လို့ သိရပါတယ်။ အကြောင်းစုံကို ဦးအောင်လွင်ဦး က တင်ပြပေးထားပါတယ်။

မကြာသေးခင်က အာဏာပိုင်တွေက အမိန့်ပေးဖယ်ရှားတာကိုခံခဲ့ရတဲ့ ရန်ကုန်မြို့ သင်္ဃန်းကျွန်း မဂ္ဂင်ကျောင်းတိုက်က ဆရာတော် ဦးနန္ဒိယ ကို အာဏာပိုင်တွေက ဆရာတော်ရဲ့ဇာတိ မကွေးတိုင်း မြို့သစ်မြို့က ကျောင်းကုန်းရွာကို ပြန်လည်ပို့ဆောင်ခဲ့ပြီးတဲ့နောက် ဆရာတော်ကို အာဏာပိုင်တွေဖက်က ကန့်သတ်မှုတွေ ဆက်ရှိနေတယ်လို့ ဒေသခံတွေက ပြောပြကြတာပါ။ ရန်ကုန်မြို့ကနေ မနေ့က မြို့သစ်မြို့ကို ပြန်ရောက်ရောက်ခြင်း မှာပဲ အာဏာပိုင်တွေက ဆရာတော်ကို တွေ့ဆုံပြောဆိုပြီး ကန့်သတ်မှုတွေ ပြုလုပ်ခဲ့တာလို့ မြို့သစ်မြို့ခံ တဦးက အခုလို ပြောပြပါတယ်။

> “ဆရာတော်က မြို့သစ်ကို မနေ့ကမနက်က ၉ နာရီလောက်ရောက်တယ်။ ရောက်ရောက်ချင်း မြို့နယ်မှူးရုံးခန်းထဲကို ခေါ်ပြီးတော့စကားပြောတာကိုး၊ ၉ နာရီလောက်ရောက်တယ်ဗျာ။ နေ့လည် ၂ နာရီခွဲမှာ ပြန်ထွက်ရတယ်ဆိုတော့၊ အဲဒီမှာ တောက်လျှောက်ပြောလိမ့်မယ်။ ဆွမ်းတွေဘာတွေလည်း အဲဒီအထဲမှာပဲ ကပ်တယ်လို့ ဆိုတယ်။ အဲဒီမှာ ပြောတဲ့နေရာမှာ တံခါးပေါက်တွေက အကုန်ပိတ်ထားတာ။ ပြန်ထွက်လာပြီးတော့မှ မြို့သစ်၊ နတ်မောက်လမ်းမှာရှိတဲ့ ဆရာတော်ရဲ့ချက်မြုတ်ရွာပေ့ါဗျာ၊ ငါးမျက်နှာ ကျောင်းကုန်း ရွာဦးကျောင်းကို ပို့ခဲ့တယ်။ ကျောင်းကုန်းရွာပေ့ါ၊ ငါးမျက်နှာ ကျောင်းကုန်းလို့လည်း ခေါ်တယ်၊ ငါးမျက်နှာဘုရားကို အစွဲပြုခေါ်တယ်ပေ့ါ။ အဲဒီမှာ အာဏာပိုင်တွေဖက်က သင်္ဃန်းကျွန်း မယက တို့၊ စအဖတို့ ပါတယ်လို့ ဆိုတယ်။ မြို့သစ်အာဏာပိုင်တွေဖြစ်တဲ့ မယကအတွင်းရေးမှူး၊ နောက် မြို့နယ်မှူး၊ စခန်းမှူး၊ ပြည်ခိုင်ဖြိုးအတွင်းရေးမှူး၊ မြင့်သူနဲ့အဖွဲ့ပေ့ါ၊ စွမ်းအားရှင်၊ မီးသတ် စတဲ့ လူအစိတ်လောက် က ဆိုင်ကယ်ကိုယ်စီနဲ့ အုပ်လိုက် အဲဒီရွာကို လိုက်ပို့တယ်၊ မြို့သစ်ကနေပြီးတော့။”

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က သက်တော် ၈၀ ကျော် ဆရာတော်နဲ့ ကျောင်းမှာရှိတဲ့သံဃာတွေကို ဖယ်ရှားလိုက်တဲ့ နောက် ဆရာတော်ဟာ ရန်ကုန်မြို့က ရန်ကင်း စိုက်ပျိုးရေးကျောင်းမှာ ယာယီသတင်းသုံးနေခဲ့တာပါ။ ဒါကို အာဏာ ပိုင်တွေက ဒီကျောင်းမှာပါ နေထိုင်ခွင့်မပြုပဲ ဇာတိရွာကို ကိုရင် ၃ ပါးနဲ့အတူ ပြန်လည်ပို့ဆောင်ခဲ့တာပါ။ အခုလို ဆရာတော်ကို ဇာတိကျောင်းကုန်းရွာကို ပို့ဆောင်လိုက်ပြီးတဲ့ နောက်မှာလည်း ဒေသခံလူထုကို ဆရာတော်ကို ဆည်းကပ်မှုတွေမလုပ်ဖို့ နောက်ထပ်ဖိအားပေးမှုတွေ ဆက်လုပ်နေတယ်လို့ မြို့သစ်မြို့ခံကပဲ အခုလို ပြောပြပါတယ်။

> “ဆရာတော်ကိုတင်လာတဲ့ကားရောက်မလာခင်ကတည်းက၊ မြို့ငယ်လေးပေ့ါဗျာ၊ မြို့သစ်ဆိုတာ၊ မြို့ငယ်လေးဖြစ်တဲ့ မြို့သစ်မြို့က အာဏာပိုင်တွေဟာ ရှုပ်ရှက်ခတ်နေခဲ့တာပေ့ါ။ ကျောင်းကုန်းရွာကို ရောက်တာနဲ့ ချက်ချင်းရွာကိုအစည်းအဝေးခေါ်တယ်၊ အာဏာပိုင်တွေက။ ရွာခံပြည်သူတွေကို အစည်း အဝေးခေါ်တယ်။ ရွာခံပြည်သူတွေအနေနဲ့ ဆရာတော်နဲ့ အရောတဝင်မနေဖို့၊ ဘာစကားမှမပြောပဲနဲ့ ပတ်သက် ဆက်နွယ်မှု တစုံတရာမလုပ်ဖို့၊ ရွာအာဏာပိုင်တွေကိုလည်းပဲ ရွာကို လူစိမ်းအဝင်အထွက် အထူးကျပ်မတ် စောင့်ကြည့်ဖို့နဲ့ တစုံတရာပြဿနာဖြစ်လာရင် အရေးယူမယ် စသည်ဖြင့် မယက အတွင်း ရေးမှူးက ခြိမ်းချောက် ပြောဆိုတဲ့အပြင်ကို ရွာခံတွေကိုလည်းပဲ ဆရာတော်အတွက် ဆွမ်းဝတ် ပို့တာမျိုးကို မသွားရဘူးပေ့ါ ဘုန်းကြီးကျောင်းကို။ ဘုန်းကြီးကျောင်းမှာရှိတဲ့ ကိုရင်လေးတွေ၊ ဘုန်းကြီးကျောင်းသား လေးတွေ ရွာထဲကိုဆွမ်းခံလာတာမှာ ဆွမ်းလောင်းလို့ရတယ်ပေ့ါ၊ ဆွမ်းလောင်းလွှတ်လိုက်။ ဆရာတော်ကို သီးသန့် ဆွမ်းသွားပို့တာမလုပ်ရဘူးလို့ပြောတယ်။ ဆွမ်းလောင်းတာကလွဲပြီးတော့ ကျောင်းကို ဆွမ်းဝတ် ပို့မယ်ဆိုရင် အဝင်အထွက်တွေများမယ်၊ ခြေရှုတ်မှာစိုးလို့ ဆိုတယ်။ အဲဒီတော့ အာဏာပိုင်အဖွဲ့က ညနေ ၅ နာရီလောက်မှာ ငါးမျက်နှာကျောင်းကုန်းကနေ ပြန်လည်ထွက်ခွာသွားတယ်လို့ ဆိုတယ်။”

စက်တင်ဘာလတုန်းကဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေနောက်ပိုင်း မဂ္ဂင်ကျောင်းဟာ အနည်းဆုံး ၄ ကြိမ်တိုင်တိုင် အာဏာပိုင်တွေ ဝင်ရောက်စီးနင်းတာကို ခံခဲ့ရတာပါ။ ဒီလို စီးနင်းမှုတွေအတွင်း အခုဖယ်ရှားခံခဲ့ရတဲ့ သက်တော် ၈၀ ကျော် ဆရာတော်ရဲ့သားဖြစ်သူ မဂ္ဂင်ကျောင်းဆရာတော် ဦးအိန္ဒက အပါအဝင် ကျောင်းမှာရှိတဲ့ သံဃာနဲ့ အရပ်သားတချို့ကိုလည်း ဖမ်းဆီးထိမ်းသိမ်းခဲ့တာ အခုအချိန်အထိပဲ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ရန်ကုန် အင်းစိန်ထောင်မှာ ထိမ်းသိမ်းခံနေရတဲ့ ဆရာတော် ဦးအိန္ဒကနဲ့ သံဃာတော်တွေအတွက် ထောင်ဝင်စာပေးပို့ခွင့် ရခဲ့တယ်လို့လည်း ဆရာတော်နဲ့ နီးစပ်သူတွေကတဆင့် သိရပါတယ်။